## (၂-၁၀-၂၀၂၀) မှ (၈-၁၀-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ )

## ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့သည့်နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး၊ ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Wallis and Futuna Islands တွင် ယခင်အပတ် ဈေးနှုန်းထက် ၅ ဒသမ ၂၀ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ ပြင်သစ်၊ ပီရူး၊ ယူကရိန်းနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၆ နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဖင်လန်၊ အီတလီ၊ ပိုလန်၊ တူရကီ၊ စပိန်၊ ဂျော်ဒန်၊ နော်ဝေ၊ နယ်သာလန်၊ အစ္စရေးနှင့် တောင်အာဖရိက စသည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁ ဒသမ ၈၀ရာခိုင်နှုန်း ၊ ဖိလစ်ပိုင်နိုင်ငံတွင်သုည ဒသမ ၄၀ ရာခိုင်နှုန်း နှင့် ထိုင်းနိုင်ငံတွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်း

မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၁၄) နိုင်ငံရှိပြီး၊ ဈေးနှုန်း မြင့်တက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည့် ဘာဘေဒိုတွင် ယခင်အပတ် ဈေးနှုန်းထက် ဖရာခိုင်နှုန်းဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ရုရှား၊ အာဂျင်တီးနား၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂရိ၊ ကင်ညာ၊ မိုနာကို၊ ပိုလန်၊ ဆွစ်ဇာလန်နှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် (၅၀) နိုင်ငံတို့တွင် ယခင်အပတ်များ အတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ယူကရိန်း၊ အီတလီ၊ မက္ကဆီကို၊ စပိန်၊ နယ်သာလန်၊ ဆွီဒင်၊ နယူးဇီလန်နှင့် ကတာ စသည့် နိုင်ငံပေါင်း (၅၀) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး၊ မလေးရှားနိုင်ငံတွင် သုည ဒသမ ဖ၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ **အာဆီယံ နိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် ဖြစ်ပေါ်နေသော ခာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၃ | ၀.၄၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၂ | ၀.၆၇ |
| ၃ | ထိုင်း | လီတာ | ၀.၉၄ | ၀.၆၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၆ | ၀.၄၉ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၄ | ၁.၂၁ |
| ၆ | မလေးရှား | လီတာ | ၀.၄၀ | ၀.၄၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၆၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၄ | ၀.၆၇ |
| ၉ | လာအို | လီတာ | ၀.၉၃ | ၀.၈၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ ၁ နှင့် ဒီဇယ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၉ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ သုည ဒသမ ၅၃ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ သုည ဒသမ ၄၆ ဒေါ်လာနှုန်းဖြင့် ၁၇ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၆ |
| ၂ | အီရန် | လီတာ | ၀.၀၅ | နယ်သာလန် | လီတာ | ၁.၈၄ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | မိုနာကို | လီတာ | ၁.၇၃ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၅ | ဒိန်းမတ် | လီတာ | ၁.၇၂ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၇၀ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၀ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | အယ်လ်ဘေးနီးယား | လီတာ | ၁.၆၁ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | မိုနာကို | လီတာ | ၁.၆၀ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၁ | အစ္စရေး | လီတာ | ၁.၅၈ |
| ၅ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၃ | ဆွီဒင် | လီတာ | ၁.၅၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၇ | ၀.၇၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၅ | ၁.၀၁ |


Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂.၁၀.၂၀၂၀ | စည် | ၃၇.၀၅ |
| ၂ | ၅.၁၀.၂၀၂၀ | စည် | ၃၉.၂၂ |
| ၃ | ၆.၁၀.၂၀၂၀ | စည် | ၃၉.၂၂ |
| ၄ | ၇.၁၀.၂၀၂၀ | စည် | ၄၀.၆၇ |
| ၅ | ၈.၁၀.၂၀၂၀ | စည် | ၃၉.၉၅ |

source : http://www.oil-price.net/

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-




ရေနံဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် အမေရိကန်နိုင်ငံသည် တောင်တရုတ် ပင်လယ်အတွင်း စစ်ရေးပြလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိတွင် တရုတ်နိုင်ငံသို့ ယခင်ကထက်ပို၍ ရေနံစိမ်းပမာဏကို တိုးမြှင့်ရောင်းချလျက်ရှိကြောင်း ကမ္ဘာ့ထိပ်တန်း စီးပွားရေးသတင်းစာဖြစ်သော World Street ဂျာနယ်တွင် ဖော်ပြထားသည်ကို သိရှိရပါသည်။ ထိုသို့ အမေရိကန်နိုင်ငံဘက်မှ ရေနံစိမ်း ရောင်းအားမြှင့်တင်လာခြင်းကြောင့် ပုံမှန် တင်ပို့ ရောင်းချလျက်ရှိသော အရှေ့အလယ်ပိုင်း နိုင်ငံများမှာ ဈေးကွက်သစ်များ အလျင်အမြန် ရှာဖွေလာကြကြောင်းနှင့် ဈေးကွက်တွင် ပိုလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် သိုလှောင်ရန် နေရာများကိုလည်း ရှာဖွေလာကြရကြောင်း သိရှိရပါသည်။

စက်တင်ဘာ လလယ်မှစ၍ အမေရိကန်နိုင်ငံ၏ ရေနံစိမ်း တင်သွင်းမှု စုစုပေါင်း ပမာဏ၏ ၇ ရာခိုင်နှုန်း အား တရုတ်နိုင်ငံမှ တိုးမြှင့်ဝယ်ယူလာခဲ့ကြောင်းကို လန်ဒန်မြို့ အခြေစိုက် ဈေးကွက် ထောက်လှမ်းရေး ကုမ္ပဏီဖြစ်သော Vortexa Ltd မှ အချက်အလက်များ ထုတ်ပြန်လာခဲ့သည်ကို သိရှိရပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံသို့ ရေနံ အများအပြားတင်ပို့နေမြဲဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံရောင်းအားမှာ ၁၉ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ ကြောင်းလည်း သိရှိရပါသည်။ ထို့အပြင် ရေနံတင်သင်္ဘောကြီးများမှ ရရှိသော သတင်းအချက် အလက်များအရ အောက်တိုဘာ လကုန်ပိုင်းတွင် အမေရိကန်နိုင်ငံ၏

ရေနံစည်တင်သွင်းမှု ပမာဏမှာ တနေ့လျှင် ရေနံစည် စုစုပေါင်း ၇ သိန်းအထိ ရှိလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်ဆန်းပိုင်းမှစ၍ တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံကြား ဖြစ်ပေါ်နေသော ကုန်သွယ်ရေး တင်းမာမှုများကို လျှော့ချနိုင်ရန် အမေရိကန် ရေနံစိမ်းများကို တိုးမြှင့်ဝယ်ယူပေးရန် တရုတ်နိုင်ငံဖက်မှ သဘောတူခဲ့ပြီး အမေရိကန်နိုင်ငံ၏ လယ်ယာထွက်ကုန်များ၊ စွမ်းအင်နှင့် စက်မှုကုန်ချောများ ဝယ်ယူပေးသည့်အတွက် အပြန်အလှန်အနေဖြင့် အမေရိကန်နိုင်ငံမှ တရုတ်ကုန်စည်အချို့အပေါ် စည်းကြပ်ခွန်များ ဖြေလျှော့ပေးရန် သဘောတူခဲ့ကြောင်း သိရှိရပါသည်။ သို့ရာတွင် တရုတ်နိုင်ငံ၏ လက်ရှိရေနံဝယ်ယူနေသည့် အတိုင်းအတာသည် သဘောတူထားသည့် ပမာဏကို ပြည့်မှီရန် များစွာလိုအပ်နေသေးကြောင်းလည်း သိရှိပါသည်။ ဇန်နဝါရီလအတွင်း ချုပ်ဆိုခဲ့သည့် သဘောတူညီချက်များအရ တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ် အကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄၀ ဘီလီယံ တန်ဖိုးရှိ ရေနံနှင့် သဘာဝဓါတ်ငွေ့ရည်များကို ဝယ်ယူပြီး ဖြစ်ရမည်ဟု ပါရှိခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလာခဲ့သဖြင့် ဝယ်ယူနေခြင်းအား ရပ်ဆိုင်းခဲ့ရပြီး မကြာသေးမီအချိန်ကမှပင် အရှိန်အဟုန်ဖြင့် ဝယ်ယူမှုများ ပြန်လည်စတင်လာခဲ့ကြောင်း သိရှိရပါသည်။ ထို့အခြေအနေများကြောင့် ကမ္ဘာတဝှမ်းရှိ ရေနံရောင်းဝယ်ရေး လမ်းကြောင်း များကို ထိခိုက်လာစေပြီး ရေနံဈေးများ ထပ်မံကျဆင်းလာနိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

လက်ရှိအနေအထားအရ အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ရေနံများ ပိုမိုတင်ပို့လာမှုကြောင့် ယခင်တရုတ်နိုင်ငံ၏ ရေနံဝယ်လက်ဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံစိမ်းဝယ်ယူနေကြဖြစ်သည့် အာရှနိုင်ငံများသို့ ဈေးနှုန်းလျှော့၍ ရောင်းချလာခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် ရောင်း၍မရသေးသော ရေနံစိမ်းများကိုလည်း အီဂျစ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့တွင် သိုလှောင်နိုင်ရန် ကြိုးပမ်းခဲ့ရကြောင်းလည်း သိရှိရပါသည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် စက်တင်ဘာ လအတွင်း ရေနံစည်ပေါင်း ၈၁ သန်းအထိ ရှိလာခဲ့ကြောင်း ပဲရစ်မြို့ အခြေစိုက် ကုန်စည်သုတေ သနကုမ္ပဏီ Kayrros တွင် ဖော်ပြထားပြီး ဆော်ဒီအာရေဗျ နိုင်ငံတွင်သာမက ပင်လယ်ကွေ့ရှိ အခြားရေနံ တင်ပို့သောနိုင်ငံများဖြစ်သည့် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်

ရေးကောင်စီ ဂျီစီစီ နိုင်ငံများ၏ စျေးကွက်များကိုလည်း ထိခိုက်လျက်ရှိပါသည်။ အဆိုပါ နိုင်ငံများ၏ တရုတ်နိုင်ငံသို့ တင်သွင်းသည့် ပမာဏမှာ တနေ့လျှင် ရေနံစည်ပေါင်း လေးသိန်းအထိ ကျဆင်းသွားကြောင်း သိရှိရပါသည်။

တရုတ်-အမေရိကန် သဘောတူညီချက်သည် နောက်နှစ် အကုန်တွင် ကုန်ဆုံးမည် ဖြစ်ပြီး လာမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတ အပြောင်းအလဲ ဖြစ်လျှင်သော် လည်းကောင်း၊ လက်ရှိ သမ္မတဆက်ရှိနေလျှင် သော်လည်းကောင်း တရုတ်နိုင်ငံမှ ရေနံများ ဆက်လက်ဝယ်ယူရန် အလားအလာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယခုအခါ အမေရိကန် ရေနံတစည်လျှင် ဒေါ်လာ ၄၀ ဝန်းကျင်သာ ဖြစ်ပေါ်နေသည့်အတွက် အမေရိကန် နိုင်ငံအနေဖြင့် ရေနံဈေးကြောင့် အခြားရေနံထုတ်လုပ်တင်ပို့ ရောင်းချနေသော နိုင်ငံများကဲ့သို့ ရုန်းကန်နေခဲ့ရသော်လည်း ယခုအခါ အမေရိကန်ရှိ ရေနံထုတ်လုပ် နေသူများအတွက် တရုတ် စျေးကွက်တွင် နေရာရလာခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်ရှိ ရေနံချက်စက်ရုံအချို့တွင် လည်း အမေရိကန် ရေနံစိမ်းအဆင့် သတ်မှတ်ချက်ကို ချက်လုပ်နိုင်ရန် စက်ပစ္စည်းများကို ပြန်လည်မွမ်းမံ ပြင်ဆင်လာခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

ပြည်တွင်းစက်သုံးဆီစျေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ အောက်တိုဘာလ ၈ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၅၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၅၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၅၆၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၃၁၀၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၉၄၇ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၆၇၇ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၈၆၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၇၉၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၄၇၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၄၀၇ ကျပ်၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၅၂၃ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။